dvbdebate.com   facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဂက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"What kind of Leader does Burma need?"***

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ ``မြန်မာအတွက် ဘယ်လိုခေါင်းဆောင် လိုသလဲ`` ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

အာဆီယံ အရှေ့တောင်အာရှဒေသတွင် နယ်မြေပမာဏအားဖြင့် ဒုတိယအကြီးဆုံး နိုင်ငံ၊ ကမ္ဘာ့ လူဦးရေအများဆုံး နိုင်ငံကြီးနှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် အိန္ဒိယကြားတွင် တည်ရှိသော နိုင်ငံ၊ ကမ္ဘာ့ ပထဝီဝင်နိုင်ငံရေးအရ အရေးပါသော မဟာဗျူဟာကျ တည်နေရာတွင် ရှိသည့် မြန်မာနိုင်ငံအတွက် ကောင်းမွန်သော အရည်အချင်းရှိသော အမြော်အမြင်ကြီးသော ဒေသတွင်းနှင့် ကမ္ဘာ့အဆင့်ရှိသော ခေါင်းဆောင်မျိုး မလွဲမသွေ လိုအပ်သည်ကား အမှန်ဖြစ်သည်။

တိုင်းပြည်၏လက်ရှိလူဦးရေမှာ သန်း ၅၀ ကျော်သည်ဖြစ်ရာ ယင်းပြည်သူအများစု၏ ထောက်ခံမှုနှင့် နှစ်လိုသော တိုင်းပြည်ခေါင်းဆောင်ကို အရေးတကြီး လိုအပ်နေပါသည်။ ရာစုနှစ်ဝက်ကျော် အာဏာရှင် စစ်အစိုးရအဆက်ဆက်အောက်တွင် ရှင်သန်နေထိုင်ခဲ့ရသော ပြည်သူများ၏ အခြေခံ လိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တယ်လီဖုန်း ဆက်သွယ်ရေးနှင့် စီးပွားရေး အခွင့်အလမ်းများမှာ ဆုံးရှုံးခဲ့ရသည်ဖြစ်ရာ ယင်းတို့ကို အသစ်တစ်ဖန် ပြန်လည် ဖြည့်ဆည်းပေးနိုင်မည့် ခေါင်းဆောင်မျိုးကို မြန်မာတို့ အပူတပြင်း လိုအပ်နေပြီဖြစ်သည်။

သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင် ပြည်သူအများစုမှာ မိမိတို့ လိုလားသည်များကို ဖြည့်ဆည်း ပေးမည့် ခေါင်းဆောင်ရလေပြီလားဟု မျှော်လင့်ချက်ရောင်ခြည် သန်းခဲ့ဖူးသော်လည်း ကာလတစ်ခု အရောက်တွင် အခြေအနေမှန်ကို သဘောပေါက်သွားခဲ့ကြသည်။ ဒီမိုကရေစီကို လျှောက်လှမ်းချိန်ဟု ယုံကြည်သည့်အားလျော်စွာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ယခင်နှစ်ပေါင်းများစွာ မရခဲ့ကြသည့် အချိန်များပါ ပေါင်းစပ်တွက်ချက်ရင်း အမျှော်ကြီး မျှော်ခဲ့ကြသော်လည်း လက်တွေ့ နေ့စဉ်ဘဝတွင်မူ စားဝတ်နေ အရေးသုံးပါးနှင့် လုံးပန်း ခက်ခဲ စိတ်ဓာတ်ကျဆင်းခဲ့ကြရသည်။ အခြေခံလူတန်းစားများ ပို၍ပင် ကျပ်တည်း ပင်ပန်းလာသဖြင့် ခေါင်းဆောင်ကောင်းကို ငံ့လင့်လာကြသည်။

တိုင်းပြုပြည်ပြု နိုင်ငံရေးသမားဆိုသည်မှာ နိုင်ငံ့အရေး၊ တိုင်းပြည်အရေးကို ထဲထဲဝင်ဝင် အားထည့် ကြိုးပမ်း ဆောင်ရွက်သူများ ဖြစ်သည့်အားလျော်စွာ သူတို့ကို ပြည်သူများက အားကိုးလိုကြသည်။ မြန်မာ့ခေါင်းဆောင်စစ်ဖြစ်ထိုက်သူကို စဉ်းစားကြသည်။ လက်ရှိကာလ မြင်တွေ့ ခံစားနေရသည့် သမ္မတဦးသိန်းစိန်အစိုးရ၊ လွှတ်တော်များ၊ ကာကွယ်ရေးဦးစီးချုပ်၊ ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ၈၈ မျိုးဆက် ခေါင်းဆောင်များ စသည်ဖြင့် မိမိတို့လိုအင်ကို မည်သူက အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည်နည်းကို ပြည်သူတို့ စဉ်းစားလာကြသည်။

အထက်အကြောင်းချင်းရာများနှင့် ကိုက်ညီမည့် မြန်မာ့ခေါင်းဆောင်ကို ပြည်သူတို့ တွေးဆစေစိမ့်ငှာ ဆွေးနွေး အဖြေရှာကြည့်နိုင်ပါရန် ယခုတစ်ပတ် DVB ဒီဘိတ်ကို တင်ဆက်လိုက်ရပါသည်။

ပြည်သူတို့လိုအင်နှင့် ကိုက်ညီမည့်၊ တိုင်းရင်းသားအားလုံးပါဝင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ဦးဆောင်နိုင်မည့် မြန်မာ့ခေါင်းဆောင်ကို DVB Debate တွင် ဆွေးနွေး အဖြေရှာ ကြည့်နိုင်ပါသည်။

## သူတို့အမြင်

``ဗိုလ်ချုပ်သမီးမို့ ချစ်ပြီးသားပါ။ သူ့ကို အမြဲတမ်း ထောက်ခံနေမယ်။ ဖွဲ့စည်းပုံ ပြင်ဖို့ကိုလည်း သူ့ကို ကူညီမယ်ဆိုရင် ဖြစ်နိုင်တယ်``
**အငြိမ်းစား အစိုးရဝန်ထမ်းတစ်ဦး** -

``ကျွန်မကတော့ ဦးသိန်းစိန်ကို ယုံကြည်တယ်။ နောက်ထပ် သက်တမ်းသာ သူဆက်လုပ်ရင် ကျွန်မတို့အတွက် အရမ်းကောင်းသွားပြီ။``
**ပြည်သူတစ်ဦး** -

``၂၀၁၅ ရွေးကောက်ပွဲ နီးလာတာနဲ့ ဦးသိန်းစိန်ကလည်း သမ္မတပြန်အရွေးမခံမှာ သေချာတာနဲ့ သမ္မတလုပ်ဖို့ တာစူနေတဲ့ သူရဦးရွှေမန်းအပေါ် နိုင်ငံရေးအမှတ်တွေပိုရအောင် စနစ်တကျ လုပ်လာတာမျိုးတော့ တွေ့နိုင်ပါတယ်``
**ဒေါက်တာရန်မျိုးသိမ်း** - မြန်မာ့နိုင်ငံရေး ဝေဖန်သုံးသပ်သူ။

`` ဒေါ်အောင်ဆန်းစုကြည်သာ သမ္မတဖြစ်ခဲ့လို့ သမ္မတအိမ်တော်မှာ နေထိုင် တာဝန်ထမ်း ဆောင်မယ်ဆိုရင် အာဏာရှင်ဟောင်းကြီးနဲ့ စစ်ဗိုလ်ချုပ်ဟောင်းကြီးတွေ ဘယ်လိုမှ စိတ်သက်သာမှုရမှာ မဟုတ်ပါဘူး``
**လင်းထိုက် (YIT)** - မြန်မာ့နိုင်ငံရေး ဝေဖန်သုံးသပ်သူ။

``၈၈ ခေါင်းဆောင်တွေဖြစ်တဲ့ ကိုမင်းကိုနိုင်နဲ့ ကိုကိုကြီးဆိုတာ မြန်မာ့နိုင်ငံရေးအသုံးအနှုန်းနဲ့ တင်စားရရင် ဒီနစ်ယောက်ဟာ အိမ်ရှေ့ကိုယ်တော်တွေပဲ၊ ဒေါ်စုပြီးရင် နိုင်ငံရေးအရှိန် အကြီးဆုံး ပုဂ္ဂိုလ်နစ်ဦးပဲ။ အရှိန်ကြီးရင် နိုင်ငံရေးပါဂါကြီးတာပေါ့``
**ဦးဘိုဘိုကျော်ငြိမ်း** - မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူ။

***Information links:***

http://www.mizzimaburmese.com

http://burma.irrawaddy.org/

http://www.president-office.gov.mm/

https://www.facebook.com/NLDParty